မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

September 22, 2025 Volume 94, Number 16

| ၂၂. ၉.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၆.၀၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၁၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၁.၂၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၆၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၀၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးတွင် MSME ဈေးရောင်းပွဲတော် သုံးရက်တိုင်ကျင်းပနေ




ငလျင်အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော်ကို မန္တလေးမြို့၊ မင်္ဂလာမန္တလေးပရိုမိုးရှင်းရေးဇရိယာမှာ စက်တင်ဘာ ၂၀ ရက်ကနေ ၂၂ ရက်အထိ သုံးရက်တိုင် ကျင်းပပြုလုပ်နေပါတယ်။

ဈေးရောင်းပွဲတော်မှာ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ပို့ကုန်အစားထိုးလုပ်ငန်း၊ စိုက်ပျိုးရေးအားပြုလုပ်ငန်း၊ လက်မှုထုတ်ကုန်လုပ်ငန်း၊ ဒေသထွက်ကုန်လုပ်ငန်း၊ EV နဲ့ ဆိုလာလုပ်ငန်းစတဲ့ လုပ်ငန်းတွေ ပါဝင်တဲ့ ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသထားပါတယ်။ပွဲတော်ကိုတော့ မနက် ၉ နာရီ ကနေ ညနေ ၅ နာရီထိ ကျင်းပပြုလုပ်နေတာဖြစ်ပြီး DJ တွေ ၊ တေးသီချင်း ဖျော်ဖြေမှုတွေ၊ အကအလှတွေ နဲ့ ဖျော်ဖြေမှုတွေ အပြင်အခြားဖျော်ဖြေမှုတွေကို ထည့်သွင်းထားရှိတယ်လို့ သိရပါတယ်။

ငလျင်အလွန် ကုန်သည်ကြီးတွေအဓိကတာဝန်ဖြစ်တဲ့ စီးပွားရေးပြန်လည်ထူထောင်ရေးအတွက်အခုလိုပွဲတွေကိုလုပ်ဆောင်ပေးတာဖြစ်သလို မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ လုပ်ငန်းအများစုက MSME လုပ်ငန်းတွေဖြစ်တဲ့အတွက် အသင်းချုပ်အနေနဲ့ တတ်နိုင်တဲ့ဘက်မှ ရပ်တည်ပေးတာဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောပါတယ်။

အသေးစားနဲ့အလတ်စား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ ထုတ်ကုန်တွေကို Promote လုပ်ဆောင်ဖို့နေရာတွေမှာ ငလျင်ကြောင့် ပျက်စီးမှုတွေ တွေ့ကြုံခဲ့ရပြီး ပြင်ဆင်မှုတွေလုပ်ဆောင်နေဆဲဖြစ်တဲ့အတွက် Promote လုပ်ဆောင်နိုင်ခြင်းမရှိသေး

တဲ့အတွက် အသင်းချုပ်အနေနဲ့ အခုလို ပြပွဲကို ကျင်းပပြုလုပ်ပေးတာဖြစ်တယ်လို့ သိရပါတယ်။

လျှောင်အလွန်မှာ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပတဲ့ MSME ဈေးရောင်းပွဲတော် ဖြစ်တဲ့အတွက် မန္တလေးမြို့သူ၊ မြို့သား တွေအနေနဲ့ လာရောက်ကြည့်ရှုလေ့လာစေချင်တယ်လို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ SME ကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

အခုပွဲတော်ကို မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူးကာ MRCCI SME ကော်မတီက ဦးစီးကျင်းပပြုလုပ်တဲ့ ဈေးရောင်းပွဲတော်တစ်ခုဖြစ်တဲ့အတွက် အသေးစားနဲ့အလတ်စားလုပ်ငန်းရှင်တွေအတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေကိုလည်း အသင်းအနေနဲ့ ဆက်လက်လုပ်ဆောင်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန် ရည်မှန်းထား



ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပကို မြန်မာ့ပဲမျိုးစုံတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်းက သိရသည်။

အဆိုပါကာလအတွင်း ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့ရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိပြီး အများစုက မတ်ပဲနှင့်ပဲတီစိမ်းဖြစ်ကြောင်း၊ ဈေးကွက်အသစ် ရှာဖွေတင်ပို့ခြင်းထက် ရှိပြီးသားဈေးကွက်ကို ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း အသင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အများဆုံးတင်ပို့နေရတာဖြစ်ပြီး တရုတ်နှင့် ဥရောပဈေးကွက်များကိုလည်း တင်ပို့လျက်ရှိသည်။

ပြည်ပနိုင်ငံတွေကို ပဲမျိုးစုံတင်ပို့ရာမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲစသည့် ပဲအမျိုးအစားပေါင်း ၂၀ ခန့် တင်ပို့လျက်ရှိသည်။

ယခင် ဘဏ္ဍာနှစ်မှာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိသည့် ပဲမျိုးစုံတန်ချိန် ၂ ဒသမ၁၄ သန်း တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

**Source : မကွေးဂျာနယ်**

## နိုင်ငံတစ်ဝှမ်း ကော်ဖီသီးနှံ ဧကတစ်သိန်းစိုက်ပျိုးရန်လျာထား



ကမ္ဘာတွင် ကော်ဖီယဉ်ကျေးမှုကြီးထွန်းကားလာလျက်ရှိရာ ထိုဈေးကွက်အတွက် နိုင်ငံတိုင်းက ကော်ဖီပို့ကုန် အခွင့်အရေးကို လက်မလွတ်ရအောင် ကြိုးပမ်းနေကြသည်။

ကော်ဖီပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီသီးနှံ ဧကတစ်သိန်းကို လျာထားစိုက်ပျိုးလျက်ရှိရာ ယခု လက်ရှိအချိန်ထိ ဧက ၆၃,၂၂၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ကော်ဖီသီးနှံပင်အမျိုးအစားနှစ်မျိုးရှိပြီး တောင်ပေါ်ကော်ဖီ Arabica မျိုးနှင့် မြေနိမ့်ကော်ဖီ Robusta မျိုးတို့ ဖြစ်ပြီး တောင်ပေါ်ကော်ဖီသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ တောင်ကုန်းတောင်တန်းများတွင် ဖြစ်ထွန်း၍ မြေနိမ့်ကော်ဖီများ မှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၈၀၀မှ ၂၅၀၀ ကြား စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

လက်ရှိ ကော်ဖီ စေ့ တစ်သိန်း ပြည့်မီရန် လျာထားစိုက်ပျိုးသည့် ဒေသများမှာ နေပြည်တော်၊ မန္တလေး၊ ပဲခူး၊ ရှောဝတီ၊မွန်၊ တနင်္သာရီ၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသတို့တွင်ဖြစ်ပြီး စိုက်ပျိုးသည့် လုပ်ငန်းရှင်တောင်သူများကိုလည်း ကော်ဖီသီးနှံမျိုးစေ့၊ ပျိုးပင်နှင့် နည်းပညာများ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းမှ ထွက်ရှိသည့် ကော်ဖီစေ့ကို ရုရှား၊ဘယ်လာရုစ်၊ အီတလီ၊ တရုတ်၊ ထိုင်း၊ စင်ကာပူ စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်စီစဉ်နေကြောင်း သိရသည်။

**Source : Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၅-၉-၂၀၂၅ မှ ၁၉-၉-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့် အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၅၉,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၂၅၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၄၉၈,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၄၁,၀၀၀ ၊မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၆,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၅၈,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၈၅ လုံး (တန်ချိန် ၄၄၄၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄၀ လုံး (တန်ချိန် ၃၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၂,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၀,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၃၀၀ (၂၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၀၀ (၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀ ( ၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ် ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၆၅၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၅-၉-၂၀၂၅ မှ ၁၉-၉-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၆၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၆၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၂၅၀ နှင့် မုံရွာ လတ်ချော ကျပ် ၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ နှင့် မုံရွာလတ်ကြီး ကျပ် ၁၅၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၅ စီး(၈၁၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၂ စီး (၇၉၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန် ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၅,၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ ၊ အောင်ပန်းထူး-၅ ကျပ် ၅၅၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ အသီးသီးဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၀၀၀ (၉၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ်ရေ ၃၃၀၀ (၉၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၃၀၀ (၉,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၃၅၀၀ ၊ အောင်ပန်း OK ကျပ် ၄၅၀၀ ၊အောင်ပန်း S1 ကျပ် ၅၇၀၀ နှင့် တရုတ်အာလူး ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၁၀၀၀ ၊ အောင်ပန်း OK ကျပ် ၁၀၀၀ ၊အောင်ပန်း S1 ကျပ် ၃၀၀ နှင့် တရုတ်အာလူး ကျပ် ၂၀၀ အသီး သီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၉ စီး(၁၇၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် ကားစီးရေ ၉ စီး (၅၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဆန်တင်သွင်းမှုကို ခေတ္တရပ်ဆိုင်းထားသော်လည်း ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် တည်ငြိမ်နေဆဲဖြစ်

ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှုသည် ကာလတိုအတွင်း သိသိသာသာထိခိုက်နိုင်ဖွယ်မရှိကြောင်း စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ယာယီ ဝန်ကြီး H.E Tran Duc Thang က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စက်တင်ဘာအစောပိုင်းတွင် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းလိုက်ကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် စက်တင်ဘာ ၁၁ ရက်ကတွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(MAE)သည် ဘဏ်များအား ဦးစားပေးချေးငွေများပေးရန်၊ ကြွေးမြီများပြန်လည်ပြင်ဆင်ဖွဲ့စည်းရာတွင် ပံ့ပိုးကူညီရန်နှင့် ပို့ကုန်လုပ်ငန်းများချောမွေ့စေရန်အတွက် VAT ပြန်အမ်းခြင်းဆိုင်ရာများ ဖြေရှင်းဆောင်ရွက်ရန်၊ ဝန်ကြီးချုပ်ထံ တင်ပြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးကဏ္ဍသည် လျင်မြန်သော ရေတိုအစီအမံများနှင့် ရေရှည်မဟာဗျူဟာများလိုအပ်ကြောင်း ၎င်းက အလေးအနက်ပြောကြားခဲ့သည်။ ဦးစားပေးစနစ်ဖြင့် ကြွေးမြီအခွန်ဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းတို့ပါဝင်ပြီး ရေရှည်ကြိုးပမ်းမှုများတွင် ဆောင်းဦး-ဆောင်းဦးသီးနှံ၏ အလားအလာကို အမြင့်မားဆုံးဖြစ်အောင် ဈေးကွက်ချဲ့ထွင်ခြင်းနှင့် လယ်သမားများ၏ အမြတ်အစွန်းနှင့် ယုံကြည်မှုကိုမြှင့်တင်ရန်အတွက် ထုတ်လုပ်မှုစနစ်များကို အာရုံစိုက်ဆောင်ရွက်သင့်သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်မြောက်ပိုင်းစားနပ်ရိက္ခာကော်ပိုရေးရှင်း(Vinafood 1)၏ဥက္ကဋ္ဌဖြစ်သူ Bui Thi Thanh Tam မှ တောင်သူလယ်သမားများ၏ ဆန်ကို အပြည့်အဝ ဝယ်ယူနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ဈေးနှုန်းတည်ငြိမ်စေရန်အတွက် တန်ချိန်ထောင်ပေါင်းများစွာကို ယာယီသိုလှောင်ထားကြောင်း သိရသည်။

တောင်ပိုင်းစားနပ်ရိက္ခာကော်ပိုရေးရှင်း၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် Tran Tan Duc က ဆန်ဈေးနှုန်းများ ကျဆင်းသွားခဲ့သော်လည်းအာဖရိကနှင့်နိုင်ငံတော်အရန်ဆန်များတင်သွင်းမှုကြောင့် စပါးဈေးပြန်တက်သွားကြောင်းမှတ်ချက်ပြုခဲ့သည်။

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အရည်အသွေးမြင့်စပါးတစ်ကီလိုရမ်လျှင် ဗီယက်နမ်ဒေါင် ၆၀၀၀(အမေရိကန်ဒေါ်လာ သုညဒသမ၂၃)ကျော်ဖြင့်ရောင်းချခဲ့ပြီးသာမန်စပါးတစ်ကီလိုဂရမ်လျှင်ဗီယက်နမ်ဒေါင်၅၀၀၀နှုန်းဖြင့်ရှိကြောင်း သိရသည်။

Trung An Hi-Tech Farming JSC ၏ ဥက္ကဋ္ဌဖြစ်သူ Pham Thai Binh က နွေ-ဆောင်းဦးသီးနှံများ အများအပြားရိတ်သိမ်းနေပြီဖြစ်သောကြောင့်ဖိလစ်ပိုင်၏ဆိုင်းငံ့ထားမှုသည်ပို့ကုန်အလုံးစုံကိုထိခိုက်စေမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံတကာလုပ်ဖော်ကိုင်ဖက်များနှင့် ယုံကြည်စိတ်ချမှုကို ထိန်းသိမ်းထားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းအများအပြားက ပို့ကုန်များကိုပံ့ပိုးပေးရန်နှင့် စာရင်းများကိုထုတ်ပြန်ရန် အစိုးရအား တိုက်တွန်းထားကြောင်း ဖော်ပြထားသည်။

ဩဂုတ်လကုန်တွင် ဗီယက်နမ်နိုင်ငံသည် စပါးဟက်တာ ၃.၃ သန်းရိတ်သိမ်းနိုင်ခဲ့ပြီး တန်ချိန် ၂၀ ဒသမ ၅၂ သန်း ထွက်ရှိကြောင်း သိရသည်။

လက်ကျန်ကာလတွင် ဆောင်းဦး-ဆောင်းသီးနှံကို စိုက်ဧက ၇၀၈,၀၀၀ ကျော်စိုက်ပျိုးရန် စီစဉ်ထားပြီး တောင်သူများ၊ သမဝါယမများနှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ပါက ထောက်ပံ့မှုနှင့် ဝယ်လိုအားဟန်ချက်ညီစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စပါးရိတ်သိမ်းပြီးနောက် သီးသန့်ဆန်သိုလှောင်ရုံများ၊ ဆန်ကြိတ်ခွဲခြင်းနှင့် ခေတ်မီထိန်းသိမ်းနည်းပညာများအပါအဝင် ရိတ်သိမ်းချိန်လွန်အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုလိုအပ်ကြောင်း ဦးစီးဌာနက အလေးပေးပြောကြားခဲ့သည်။

အဆိုပါအခြေခံအဆောက်အဦများမရှိပါက စပါးရိတ်သိမ်းချိန်အတွင်း စပါးထောက်ပံ့မှုကွင်းဆက်သည် နှောင့်နှေးမှုနှင့် ထိရောက်မှုအားနည်းမှုများကို ဖြစ်စေနိုင်ကြောင်း၊ တိုးတက်သောအခြေခံအဆောက်အဦများဖြင့် ဆန်များကို စနစ်တကျ သိမ်းဆည်းကာ ငွေသားရရှိရန် အလျင်စလို ရောင်းချခြင်းထက် စာချုပ်များဖြင့် ကမ္ဘာ့ဈေးကွက်အပေါ်အခြေခံ၍ အသင့်တော်ဆုံး အချိန်ကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ် နောက်ဆုံးလေးလတွင် စပါးတန်ချိန် ၁၃ ဒသမ၈ သန်း ထပ်မံရိတ်သိမ်းနိုင်မည်ဟု စိုက်ပျိုးထုတ်လုပ်မှုနှင့် ကာကွယ်ရေးဌာနမှ ခန့်မှန်းထားသည်။ ၎င်းတွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ဆောင်းဦး-ဆောင်းသီးနှံမှ တန်ချိန် ၆ သန်းခန့် ပါဝင်ပြီး ဒေသတွင်းပြိုင်ဘက်များထက် ပြိုင်ဆိုင်မှုအသာစီးရရှိစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: Vietnam Plus**

**ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့**

https://myantrade.gov.mm/

## ဗီယက်နမ်နိုင်ငံတွင်း အုန်းသီးပြတ်လပ်မှုဖြစ်ပေါ်စေသည့်အတွက် ပြည်ပမှ အုန်းသီးတင်သွင်းမှု အရှိန်အဟုန်မြင့်တက်

ဗီယက်နမ်နိုင်ငံ၏ အုန်းသီးတင်သွင်းမှုသည် ယခုနှစ် ပထမ ၇ လအတွင်း ၁၉ ဆနီးပါး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၂ သန်းအထိခုန်တက်သွားကြောင်း ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း၏ အဆိုအရသိရသည်။

ဗီယက်နမ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအသင်းVinafruit ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Dang Phuc Nguyen က အုန်းသီးတင်သွင်းမှု သိသိသာသာမြင့်တက်လာခြင်းမှာ ပြည်ပသို့ တင်ပို့မှုမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အုန်းသီးများကိုပိုမိုတင်ပို့နိုင်ခြင်းကြောင့် ပြည်တွင်းစားသုံးရန်လက်ကျန်နည်းပါးသွားစေကြောင်း ဖော်ပြထားသည်။

တရုတ်၊ အမေရိကန်နှင့် အရှေ့အလယ်ပိုင်းကဲ့သို့သောဈေးကွက်များသည် ဗီယက်နမ်မှ ဝယ်ယူသူများအရှိန်မြင့်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုအတွက် ပြတ်တောက်မှု (သို့မဟုတ်) မြင့်မားသောဈေးနှုန်းများဖြစ်ပေါ်စေလျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် အမေရိကန်သည် အုန်းလတ်လတ်ဆတ်ဆတ်များကို ၎င်းဈေးကွက်အတွင်းရောင်းချရန် တရားဝင်ခွင့်ပြုခဲ့သည်။ ထို့နောက် တရုတ်သည် ဗီယက်နမ်အုန်း လတ်လတ်ဆတ်ဆတ်များကို ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ဈေးကွက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ပထမ ၇ လအတွင်း အုန်းသီးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၀၆ ဒသမ၂ သန်းအထိရှိပြီး ပြုပြင်ပြီးအုန်းသီးတင်ပို့မှု ၅၇ ရာခိုင်နှုန်းတိုးလာကြောင်း၊ အုန်းသီးလတ်လတ်ဆတ်ဆတ်တင်ပို့မှု ၁၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ဖော်ပြထားသည်။

အဆိုပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အတွက် ပြုပြင်ထုတ်လုပ်သည့် ကုမ္ပဏီအများအပြားသည် အင်ဒိုနီးရှားနှင့် ပါပူဝါ နယူးဂီနီတို့မှ အုန်းသီးများကို တင်သွင်းလျက်ရှိကြောင်း ဖော်ပြထားပါသည်။

သို့သော် ဗီယက်နမ်သည် ပါပူဝါနယူးဂီနီနှင့် အုန်းကုန်သွယ်မှုဆိုင်ရာ တရားဝင်သဘောတူညီချက်ကို လက်မှတ်မထိုးရသေးသောကြောင့် ထိုနိုင်ငံမှ တင်သွင်းမှုမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကြောင်းသိရသည်။

ဗီယက်နမ်အုန်းသီးအသင်းအဆိုအရ ယခုနှစ်ပထမနှစ်ဝက်တွင် ရောင်းလိုအား ပြတ်လပ်မှုကြောင့် အုန်းခြံမှဈေးသည် ၁ လုံးလျှင် ဗီယက်နမ်ဒေါင် ၁၉,၀၀၀ သို့ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ဆိုလိုသည်မှာ ပရီမီယံသစ်သီးဝလံများ၏ လက်လီဈေးသည် ၁ လုံးလျှင် ဗီယက်နမ်ဒေါင် ၂၅,၀၀၀ ခန့်အထိရောက်ရှိခဲ့ပြီး လွန်ခဲ့သည့်လေးနှစ်ကထက် ခြောက်ဆကျော်မြင့်တက်လာကာ စိုက်ပျိုးရေးကဏ္ဍတွင် ပုံမှန်မဟုတ်သော မြင့်တက်မှုတစ်ခုဖြစ်ကြောင်း၊ ထို့သို့ဈေးနှုန်းကြီးမြင့်မှုကြောင့် စိုက်ပျိုးမှုတိုးချဲ့မှုကို တွန်းအားပေးခဲ့ကြောင်း ဖော်ပြထားသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံသည် အုန်းသီးစိုက်ပျိုးဧရိယာ ဟက်တာ ၂၀၀,၀၀၀ ကျော်ရှိပြီး နှစ်စဉ် အသီးတန်ချိန် ၂ သန်း ခန့်ထွက်ရှိကြောင်း ဖော်ပြထားသည်။

**Source: VN Express International**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (22.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,599 (Shares) | 31,777,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 1,230 | 9,348,000 | 33,109,694 | 251,634 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,100 | 3,200 | 3,100 | 1,996 | 6,290,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +200 | +2.67% | 7,500 | 7,700 | 7,500 | 81 | 618,300 | 10,400,986 | 80,088 |
| FPB | 00004 | 2,550 | +150 | +6.25% | 2,400 | 2,550 | 2,400 | 4,315 | 10,734,250 | 29,664,613 | 75,645 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,550 | 2,700 | 2,550 | 120 | 317,600 | 12,823,224 | 33,982 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,189 | 2,299,100 | 19,977,223 | 38,956 |
| AMATA | 00007 | 3,300 | -50 | -1.49% | 3,200 | 3,300 | 3,150 | 288 | 915,400 | 10,497,598 | 34,642 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 380 | 1,255,000 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 22nd Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.33 | +4.21 | +1.12% | 373.41 | 381.33 | 373.41 | 9,599 | 31,777,650 | 8 | 719,267 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 23rd Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,882 (Shares) | 34,390,750 (MMK) |

| MYANPIX | 384.61 ▲ 3.28 |
|---|---|
| Total Volume (shares) | 11,882 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 725,451 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,850 | ▲ 300 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 3,250 | ▼ 50 |
| MAEX | 00008 | 3,300 | ▼ 50 |